မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F __ Volume 12 /Issue 2/February /2019




ထာဝရဘုရားသည် ထင်ရှား၍၊ မိန့်တော်မူသည်ကား၊ အကယ်စင်စစ် ထာဝရမေတ္တာနှင့် သင့်ကို ငါချစ်၏။ ထိုကြောင့်၊ ကရုဏာကျေးဇူးကို သင်၌ ကြာမြင့်စွာပြု၏။ ယေရမိ၊၃၁း၃။




# Announcements and Upcoming Events

**02 Feb 2019**

| Su | Mo | Tu | We | Th | Fr | Sa |
|---|---|---|---|---|---|---|
| | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | | |

## 2019, February Special Events

2/03/2019 at 2:00 pm –Holy Communion worship service

2/10/2019 at 2:00 pm – Regular Service
Right after the Service, Farewell Celebration for
Dr. Mehn Joeseph & Family

2/17/2019 at 2:00 pm – Regular Service & Chinese New Year Celebration

2/24/2019 at 2:00 pm – Laity Sunday Worship Service.

## 2/02/2019, Saturday 9:00 am – 4:00 pm

*B.C.F newly official Board Members Retreat and 2019, Yearly Plans*

*Note: - *2019, B.C.F official Board Members, please attend without fail.**

*B.C.F Worship time*

*Sunday Service ... 2:00PM*

*Children Sunday School ... 2:15 PM*

*BCF Youth ... 2:15 PM*

*Prayer Meeting*

*Every Saturday, 2:00 PM*

*Bible Study*

*Sunday 1:00-2:00 PM*

*B.C.F Worship Place*

*1337 Farmstead Ave. La Puente, CA 91745*

## Name and Position of B.C.F. official board members for the year 2018

- *Senior Pastor --- Rev. Henry Ang*
- *Associate Pastor --- Rev. Saw Livingstone Zan*
- *Pastoral Staff --- Sayama Hsimu Shein*
- *Prayer Team Leader --- Rev. Henry Ang*
- *Interpreter --- Rev. Martin Nyun*

- *President --- U Kyi Shinn*
  *Vice President --- Shian Ma*

- *Secretary --- Emily Ang*
  *Joint Secretary --- YiYi Aye*

- *Treasurer --- San San Min*
  *Joint Treasurer --- Kyaw Kyaw Thein*

- ***Trustee & Finance Committee***
  *Chaiperson --- Julius Lim*

- ***Mission & Evangelism Committee***
  *Chairperson --- Daw Paw Wah*
  *Joint --- Fiona Ang*
  *Member --- YiYi Aye*

- ***Worship & Music Committee***
  *Chaiperson --- John Ma*
  *Joint --- Kyaw Kyaw Thein*
  *Members --- Pearl Tiu*
  *Ko Myat Din*
  *Mon Mon Soe*
  *Kyaw Swa Shinn*

- ***Christian Education Committee***
  *Chaiperson --- Alice Ang*
  *Joint --- Joy Ang*

- ***Social & Recreation Committee***
  *Chairperson --- Irene Wong*
  *Joint --- Thin Thin*
  *Members --- San San Tin*

- ***Building Committee***
  *Consultant --- Andrew Chaung*
  *Chairperson --- Nyi Nyi Wintin*
  *Members --- David Ang, Shian Ma*
  *Kyaw Kyaw Thein*

- ***Christian Literature***
  *Editor --- YiYi Aye*
  *Joint --- John Ma*

- *Choir Director --- Sayama Hsimu Shein*
- *Assistant Choir Director --- Pearl Tiu*
- *Auditor ---*
- *Pianist --- Patricia Aung*
- *Finance Adviser --- Shu Tan*

## Name and Position of B.C.F. Youth for the year 2018

- *Advisers --- Rev. Saw Livingstone Zan*
  *Shian Ma*
- *President --- Simon Nyun*
- *Secretary --- Soe Moe Lwin*
- *Treasurer --- Kendrick Lim*
- *Members --- Esther Nyun, Soe Myat Mon*
  *Luna Sein, Yumi Mintin*
  *Shwe Thuza Htun & Jousha Lim*

*BCF Theme for the year 2019 … Victory through Jesus Christ*
*BCF Theme Bible Verses … 1 Corinthian 15:57*




# ဘုရားသခင်၏မဟာမေတ္တာစာ

**ဆာလံကျမ်း ၁၃၉**

အိုထာဝရဘုရား၊ ကိုယ်တော်သည် အကျွန်ုပ်ကို စစ်ကြော၍ သိတော်မူ၏။

အကျွန်ုပ်ထိုင်ခြင်း၊ ထခြင်းအရာတို့ကို သိတော်မူ၏။ အကျွန်ုပ် အကြံအစီတို့ကို အဝေးကပင် နားလည်တော်မူ၏။

အကျွန်ုပ်သွားသော လမ်းကိုင်း၊ အိပ်ရာကိုင်း စစ်ဆေး၍၊ အကျွန်ုပ်ကျင့်သော အကျင့်အလုံးစုံတို့ကို ကျွမ်းတော်မူ၏။

အကျွန်ုပ်သည် စကားတစ်ခွန်းကိုမျှ မမြွက်သော်လည်း၊ အိုထာဝရဘုရား၊ ကိုယ်တော်သည် အကြွင်းမဲ့ သိတော်မူ၏။

ကိုယ်တော်သည် အကျွန်ုပ်ကို ပတ်လည်ဝိုင်းထား၍၊ အကျွန်ုပ်အပေါ်မှာ လက်တော်ကို တင်တော်မူပြီ။

ထိုသို့သော ဉာဏ်သည် အံ့ဖွယ်ဖြစ်၍၊ အကျွန်ုပ်မတတ်နိုင်ပါ။ မြင့်မြတ်သည်ဖြစ်၍ အကျွန်ုပ်မမှီနိုင်ပါ။

ဝိညာဉ်တော်နှင့် လွတ်ခြင်းအလို့ငှာ အဘယ်အရပ်သို့ သွားနိုင်ပါမည်နည်း။
မျက်နှာတော်နှင့် လွတ်ခြင်းအလို့ငှာ အဘယ်အရပ်သို့ ပြေးနိုင်ပါမည်နည်း။

ကောင်းကင် သို့ တက်လျှင် ကိုယ်တော်ရှိတော်မူ၏။ မရဏာနိုင်ငံ၌ အိပ်ရာကိုခင်းလျှင် ကိုယ်တော် ရှိတော်မူ၏။

နံနက် အတောင်တို့ကို ယူ၍ သမုဒ္ဒရာစွန်း၌နေလျှင်၊

ထိုအရပ်၌ပင် ကိုယ်တော်၏ လက်သည် အကျွန်ုပ်ကို ပို့ဆောင်လျက်၊ လက်ျာလက်တော်သည် ကိုင်လျက်ရှိပါလိမ့်မည်။

အကယ်၍ မှောက်မိုက်သည် ငါကိုဖုံးလွှမ်းမည်ဟု တဖန်ဆိုလျှင်၊ ညဉ့်သည်လည်း အကျွန်ုပ်ပတ်ဝန်းကျင်၌ အလင်း ဖြစ်ပါလိမ့်မည်။

အကယ်စင်စစ် မှောင်မိုက်သည် ရှေ့တော်၌ အဘယ်အရာကိုမျှ မဖုံးနိုင်ပါ။
ညဉ့်သည် နေ့ကဲ့သို့ လင်းပါ၏။ မှောင်မိုက်သဘောနှင့် အလင်းသဘောသည် တူပါ၏။

ကိုယ်တော်သည် အကျွန်ုပ်၏ ကျောက်ကပ်ကို ဖန်ဆင်း၍၊
အမိဝမ်းထဲမှာ အကျွန်ုပ်ကို ဖုံးအုပ်တော်မူပြီ။

အကျွန်ုပ်သည် ကြောက်မက်ဖွယ်သော လက္ခဏာ၊ ထူးဆန်းသော လက္ခဏာတို့နှင့် ပြည့်စုံသည်ဖြစ်၍၊ ကိုယ်တော် ကို ချီးမွမ်းပါမည်။ ပြုပြင်တော်မူသော အမှုတို့သည် အံ့ဩဖွယ်ဖြစ်ကြောင်းကို အကျွန်ုပ်၏ စိတ်ဝိညာဉ်သည် အမှန်သိပါ၏။

မထင်ရှားသော အရပ်၌ အကျွန်ုပ်ကို ဖန်ဆင်း၍၊ မြေကြီးအောက်အရပ်၌ စေ့စပ်စွာ ပြုပြင်တော်မူ သောအခါ၊ အကျွန်ုပ်၏ ကိုယ်ခန္ဓာသည် ရှေ့တော်၌ ထင်ရှားလျက် ရှိပါ၏။

မစုံလင်သေးသော အကျွန်ုပ်၏ အလုံး အထွေးကိုလည်း ကိုယ်တော်သည် ကြည့်ရှု၍ မြင်တော်မူပြီ။ ထိုအရာတို့ကို ပြုပြင်၍ တစုံတခုမျှမရှိမီကာလတွင်၊ ကိုယ်တော်၏စာရင်း၌ အကုန်အစင် မှတ်သားလျက် ရှိကြပါ၏။

အိုဘုရားသခင်၊ အကျွန်ုပ်၌ ကိုယ်တော်၏အကြံအစည်တို့သည် အလွန်ထူးဆန်းကြပါ၏။ အလွန်များပြားကြပါ၏။

ထိုအကြံအစည်တော်တို့ကို ရေတွက်လျှင်၊ သဲလုံးနှင့်အမျှမက သာ၍များပြားကြပါ၏။ အကျွန်ုပ်သည် နိုးသောအခါ ကိုယ်တော်ထံ၌ အစဉ်ရှိပါ၏။

အိုဘုရားသခင်၊ ကိုယ်တော်သည် မတရားသောသူတို့ကို ကွပ်မျက်တော်မူပါစေသော။ လူအသက်ကို သတ်တတ်သောသူတို့၊ ငါ့ထံမှ ဖယ်သွားကြ။

ထိုသူတို့သည် ကိုယ်တော်တဘက်၌ မနာလိုသောစိတ်နှင့် ပြောဆို၍၊ ကိုယ်တော်၏ ရန်သူတို့သည် မတရားသဖြင့် ဝါကြွားကြပါ၏။

အိုထာဝရဘုရာ၊ ကိုယ်တော်ကို မုန်းသောသူတို့ကို အကျွန်ုပ်မုန်းပါသည် မဟုတ်လော။ အာဏာတော်ကို ဆန်သောသူတို့ကို အကျွန်ုပ်ရွံ့ရှာပါသည် မဟုတ်လော။

ထိုသူတို့ကို စိတ်နှလုံး အကြွင်းမဲ့ မုန်းပါ၏။ ကိုယ်ရန်သူကဲ့သို့ မှတ်ပါ၏။

အိုလုရားသခင်၊ အကျွန်ုပ်ကို စစ်ကြော၍၊ အကျွန်ုပ်၏ နှလုံးကို သိမှတ်တော်မူပါ။ စုံစမ်း၍ စိတ်အထင်များကိုလည်း သိမှတ်တော်မူပါ။

ဆိုးသောလမ်းသို့ အကျွန်ုပ်လိုက်သည် မလိုက်သည်ကို ကြည့်ရှု၍၊ ထာဝရလမ်း ထဲသို့ သွေးဆောင်တော်မူပါ။ ... အာမင်း။

# ချစ်မိတ်ဆွေ၏လုပ်ဆောင်မှု

ကျွန်ုပ်တို့သည် လူအများနှင့် မိတ်ဆွေ ဖြစ်ချင်ကြသည်။

ကျွန်ုပ်တို့သည် မိတ်ဆွေများများရရှိအောင် လမ်း၌ ရပ်ရင်း နွမ်းလျပင်ပန်းနေသော ခရီးသည်များကို အသင့်စောင့်ဆိုင်းနေကာ ကူညီမစလိုသည်။ မတရားစွပ်စွဲပြစ်တင် ရှုံ့ချခံရသူ၊ ဒဏ်ရာရရလျက် နာကျင်မှုဝန်ကို သယ်ပိုးနေရသည့် နလုံးသားများကို ရှာဖွေကာ နှစ်သိမ့်မှုကို ပေးချင်သည်။ ထိုသူတို့ကို ခွန်အားပေးမစခြင်းဖြင့် ပြန်လည် လန်းဆန်း စိတ်အေးချမ်းစွာ ဘဝခရီးဆက်စေရန်အတွက် ဖြစ်သည်။ သူတို့၏အဆင်မပြေသောပြဿနာများ အဆင်ပြေ လာစေရန်၊ သူတို့ကို ပြောင်းလဲပစ်ရန်၊ ကျွန်ုပ်တို့ ဘာမျှလုပ်မပေးနိုင် မတတ်နိုင်သော်ငြားလည်း သူတို့အတွက် ကောင်းချီး ဖြစ်စေလိုပါသည်။

‘‘ကောင်းချီး’’ဆိုသည်မှာ ... ယဉ်ကျေးမှု အပြုအမူ၊ အပြောအဆို၊ များတို့ထက် ပို၍ အဓိပ္ပာယ်ရှိပါသည်။ ကောင်းချီး၏အရင်းအမြစ်၊ မင်္ဂလာဆုပေါင်း ဖြစ်ပွားရာ ဘုရားသခင်ထံသို့ ကျွန်ုပ်တို့ သူတစ်ပါးကို ခေါ်ဆောင်လာခြင်းသည် သူတစ်ပါးအတွက် ကောင်းချီးဖြစ်စေပါသည်။

ဓမ္မဟောင်းကျမ်းရှိ ကမ္ဘာဦးကျမ်း ၁၄း၁၉ တွင်၊ ရှာလင်မင်းကြီးနှင့် ယဇ်ပရောဟိတ် ဖြစ်သော မေလခိဇေဒက်သည် စစ်ပွဲမှ ပင်ပန်းနွမ်းလျလျက် ပြန်လာသည့် အာဗြဟံကို ဤသို့ ကောင်းချီးပေးခဲ့ပါသည်။

“ကောင်းကင်မြေကြီးအရှင်၊ အမြင့်ဆုံးသော ဘုရားသခင်သည်
အာဗြံအား ကောင်းချီး ပေးတော်မူပါစေသော”

ကျွန်ုပ်တို့သည် မစမှုအကူအညီလိုနေသူများ၏ကို အမှန်လိုအပ်ချိန်တွင် တော်လျော်သောမစခြင်း ရရှိဖို့ရန် အခြားသူတို့နှင့်အတူ ဆုတောင်းပတ္ထနာပြုခြင်းဖြင့် ၎င်းတို့ကို ကျေးဇူးတော်ပလ္လင်တော်ရင်းသို့ မိမိနှင့်အတူ ခေါ်ဆောင်သွားနိုင်ပြီး သူတို့အတွက် ကောင်းချီး ဖြစ်စေနိုင်ပါသည်။

“ကောင်းကင်ဘုံထဲသို့ ကြွဝင်တော်မူသော ယဇ်ပုရောဟိတ်မင်း အကြီးတည်းဟူသော ဘုရားသခင်၏ သားတော်ယေရှုသည် ငါတို့၌ ယဇ်ပုရောဟိတ်မင်း ဖြစ်တော်မူသောကြောင့်၊ ငါတို့သည် ဝန်ခံခဲ့ပြီးသောအရာ၌ တည်ကြည်ကြကုန်အံ့။ ငါတို့ ယဇ်ပုရောဟိတ်မင်းသည် ငါတို့ခံရသောဆင်းရဲဒုက္ခများကြောင့် မကြင်နာနိုင်သော သူမဟုတ်။ ငါတို့ခံရသည်နည်းတူ၊ အမျိုးမျိုးသော စုံစမ်းနှောင့်ရှက်ခြင်းတို့ကို ခံဘူးသောသူ ဖြစ်တော်မူ၏။ သို့ရာတွင်၊ ဒုစရိုက် အပြစ်နှင့် ကင်းလွတ်တော်မူ၏။ ထိုကြောင့်၊ ငါတို့သည် သနားခြင်းကရုဏာကိုရှင်း၊ တော်လျော်သောမစခြင်း ကျေးဇူးတော်ကိုရှင်း ခံရမည်အကြောင်း၊ ရဲရင့်သောစိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကုန်ကြကုန်အံ့။” ဟေဗြဲ ၄း၁၄–၁၆။

သူတို့၏အခြေအနေကို ပြောင်းလဲပစ်ရန် မတတ်စွမ်းနိုင်သော်လည်း ဘုရားရှင်နှင့် သူတို့ကို မိတ်ဆက်ပေးနိုင်သည်။ သို့လုပ်ဆောင်ခြင်းသည် စစ်မှန်သော မိတ်ဆွေတစ်ဦး၏ အပြုအမူပင် ဖြစ်သည်။

ကျွန်ုပ်တို့သည် ဤသို့ဆုတောင်းနိုင်ပါသည်။

အိုအဘဘုရား ...၊
ကိုယ်တော်ရှင်၏သားတော်သခင်ယေရှုသည် ဤလောကတွင် သက်တော်ထင်ရှားရှိစဉ် အခါ၊ မိတ်ဆွေကောင်းအဖြစ် တပည့်တော်တို့နှင့်အတူ ရှိနေသကဲ့သို့ ကျွန်ုပ်တို့ကိုလည်း လူတို့၏ အဆွေခင်ပွန်းဖြစ်ခြင်းငှာ သွန်သင်ပေးမှုပါ။ တပါးသူနှင့် ၎င်းတို့၏လိုအပ်မှုကို တွေ့မြင်တတ်လျက် သူတို့ကို ဂရုပြုအချိန်ပေးရန် သွန်သင်မှုပါ။ အသက်၏အရင်းအမြစ်ဖြစ်သော သခင်ဘုရားထံသို့ ထိုသူတို့ကို ခေါ်ဆောင်လာနိုင်ရန် ကူမမှုပါ။ ချစ်ခြင်း၏ကြီးမားသော အပိုင်းကဏ္ဍကို ထင်ရှားပြသ နိုင်ရန် အဘဘုရားသခင်ပေါ်တွင် သစ္စာရှိလျက် ကိုယ်တော်၏ပညတ်တော် အတိုင်း နားခံလိုက် လျှောက်သူ ဖြစ်စေတော်မူပါ။ အာမင်း။

ကျွန်ုပ်တို့သည် ဆုတောင်းခံခြင်းဖြင့် ခွန်အားရယူလျက် တပါးသူတို့ကို ချစ်ခြင်းမေတ္တာ ပြ၍ “ကောင်းချီး” ဖြစ်စေ သကဲ့သို့ ထိုကောင်းချီးအားဖြင့် မင်္ဂလာဖြစ်ပွားစေနိုင်ပါသည်။



# တုနှိုင်း၍မမှီသောမေတ္တာ

ကိုယ်အဆွေတို့အဘို့အလိုငှာ ကိုယ်အသက်ကိုစွန့်ခြင်းမေတ္တာထက်
သာ၍မြတ်သောမေတ္တာသည် အဘယ်သူ၌မျှမရှိ။
ယော၊ ၁၅း၁၃

အခြားသူတစ်ဦး၏ အသက်ရှင်ရေးအတွက် မိမိအသက်ကိုပေးဆပ်ခြင်းသည် ချစ်ခြင်းမေတ္တာကို အဆုံးစွန်ထိ လက်တွေ့သက်သေပြသခြင်းပင်ဖြစ်ပါ၏။

သခင်ယေရှုသည် အပ်နှံခြင်းမခံမီညတွင် သူ၏တပည့်တော်များအား လူသားမျိုးနွယ်တို့အတွက် မိမိအသက်ကို ဖလှယ်ပေးဆပ်မည့် သူ၏ရည်ရွယ်ချက်ကို ဖွင့်ဟပြောပြခဲ့သည်။

ကိုယ်တော်က တပည့်တော်တို့အား "ကိုယ်အဆွေတို့အဖို့အလိုငှာ ကိုယ့်အသက်ကိုစွန့်ခြင်းမေတ္တာထက် သာ၍မြတ်သောမေတ္တာသည် အဘယ်သူ၌မျှ မရှိ။"ဟု မိန့်တော်မူခဲ့သည်။

ထို့နောက်တွင် ကိုယ်တော်သည် ကားတိုင်ဆီသို့ ဒုက္ခဝေဒနာခံကာ လှမ်းသွားခဲ့ခြင်းဖြင့် ကိုယ်ကျိုးစွန့်ခြင်းအကြောင်း အကောင်းဆုံးသောစံနမူနာကို ပြခဲ့သည်။

ယေရှုရှင် ကိုယ်တော်သည် သင့်နေရာ၌ ကိုယ်စားအသေခံခဲ့သည် ဟူသောအချက်ကို ကျွန်ုပ်တို့စဉ်းစားဆင်ခြင်ဖူးပါသလား။ ထိုသို့ ဆင်ခြင်ခြင်းအားဖြင့် ကိုယ်တော်သည် သူ၏မေတ္တာတော်ကို သက်သေပြခဲ့သည် သာမက ထိုသို့အသေခံခြင်းကြောင့် သင်နှင့်ကျွန်ုပ်တို့၏အပြစ်များ ခွင့်လွှတ်ခံရပြီး ကောင်းကင်ဘုံဝယ် ထာဝရအိမ်တော်၌ ဝင်စားနိုင်အောင် လုပ်ဆောင်ပေးခဲ့သည်။

ကျွန်ုပ်တို့ကို အပြစ်သားဘဝမှကယ်တင်ရန် မိမိကိုယ်ကို ပေးဆပ်ခဲ့သူ ယေရှုရှင်သည် ယခုမှစ၍ ကျွန်ုပ်တို့ကို အဆုံးထိတိုင်အောင် စောင့်ထိန်းမည့်အကြောင်း ကတိတော်၌မှီခိုလျက် သူ၏ချစ်ခြင်းမေတ္တာနှင့် ဂရုပြုမှု၌ တည်နေမည်။

ခရစ်တော်၏ မိမိအသက်သွေးကို စွန့်၍ ပူဇော်ခဲ့သောယဇ်သည် ဘုရားသခင်၏ရှေ့တွင် အလိုတော်ရှိသောအရာ၊ နှစ်သက်ဖွယ်သောအရာ ဖြစ်ပြီး ကျွန်ုပ်တို့၏အပြစ်အတွက်လည်းအမှန်လိုအပ်သောအရာ ဖြစ်ပါ၏။

ကျွန်ုပ်တို့အတွက် ကားတိုင်ပေါ်တွင်ပြခဲ့သော ခရစ်တော်၏မေတ္တာသည် စကားလုံးများနှင့်ပြော၍သော်၎င်း၊ စာပေရေးသားဖေါ်ပြခြင်းငှါသော်၎င်း၊ မတတ်စွမ်းနိုင်လောက်အောင် လွန်စွာကြီးမားလှပါပေ၏။

**ကိုယ်တော်ရှင်၏မေတ္တာ**
**ချစ်ခြင်းမေတ္တာတော်အကြောင်းစကား**
**နှုတ်ဖြင့်မြွက်ဆိုမမှီနိုင်ရာ**
**ယေရှုကျွန်ုပ်အားချစ်သည်ကို နှုတ်ဖြင့်မြွက်ဆိုမမှီ။**

# AMAZING LOVE

## ယေရှုအံ့ဘွယ်မေတ္တာတော်

~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~ ~

ယေရှုအံ့ဘွယ်မေတ္တာတော် .. ပြစ်ရှိကျွန်ုပ်ကိုရှာ၊
ခြိသို့ပို့ဆောင်ကျေးဇူးတော် .. တုမဲ့ကရုဏာကား၊
သမုဒ္ဒရာထက်နက်ပေ .. ကောင်းကင်ဘုံထက်မြင့်လေ
ထိုမေတ္တာတော်မြတ်ကြောင်းကို .. ကျွန်ုပ်သီချင်းကျူးဆို။

ထပ်၍ဆိုရန်။
ယေရှုအံ့ဘွယ်မေတ္တာတော် .. တနှစ်ထက်တနှစ်တိုးသိ
နက်နဲ၊ ကျယ်ဝန်း၊ မြင့်သော .. အံ့ဘွယ်မေတ္တာတော်သည်
ကြာလေတိုးနားလည်ရ၏။

ရှေးခါယုဒပြည်တပိုက် .. ကိုယ်တော်သွားလာနာခိုက်
ကယ်ဆယ်ကျေးဇူးသိလိုငှါ .. နောက်တော်လူတို့လိုက်ရှာ
ကြေကွဲနှလုံးချမ်းသာပေး .. ကန်းသူများကိုမြင်စေ
မြင့်မြတ်လှမဟာမေတ္တာ .. ကျွန်ုပ်ကိုပင်လိုက်ရှာ။

ကားတိုင်တော်၌ဝေဒနာ .. ကျွန်ုပ်တို့တွက်အရှုံး
ညည်းသံမပြုဘဲခံရှာ .. ထိုမေတ္တာတော်မြတ်ကို
သန့်ရှင်းသူတို့နှင့်တကွ .. အသံလွှင့်၍ချီးမြှောက်
ကယ်တင်ရှင်အားချီးမွမ်းသံ .. ကောင်းကင်၊ မြေပြင်၊ လုံးလျှံ။

# AMAZING GRACE